
Goddess
အချစ်လေပြည်တိုးဝင်လာခဲ့သော
စာစဉ် - ၄
(စာမြည်း)

# အခန်း ၁

## အလိုမကျတိုင်း မင်းက ငါ့ရဲ့ နယ်ရုပ် (၁)

ဂူယူရှန်း ပြောလိုက်တာက မကျယ်သော်လည်း သူ့ရဲ့ အေးစက်စက် အသံက ဒေါသသံ ထွက်နေတာကြောင့် အခန်းထဲက လူတိုင်း သူ့စကား ကို သတိထားမိသွားပြီး လန့်သွားကြကာ အခန်းထဲ တိတ်ဆိတ် သွား တော့သည် ... သူတို့ ရဲ့ မျက်လုံးတွေကလည်း ဂူယူရှန်းနဲ့ လုဘန်ချန်းဆီ မှာ ။

ဂူယူရှန်း ထိုအကြည့်တွေကြား စိတ်ရှုပ် လာပြီး ဆေးလိပ်ကို ပြာချ လိုက်ကာ အသစ်တစ်လိပ်သောက်ဖို့ ဆေးလိပ်ဘူးကို ကြည့်လိုက်၏။ တစ်လိပ်မ မကျန်တော့တာမို့ ဒေါသထွက်မိပြီး သူ ထိုင်နေတဲ့ ခုံကို ကန် ကာ ထလိုက်ပြီး...

"စိတ်ဝင်စားစရာ မကောင်းတဲ့ ဂိမ်းပဲ"

ဂူယူရှန်းက ဖုန်းကို ယူကာ ကုတ်အင်္ကျီကို ကိုင်ပြီး ထွက်သွားတော့ အခန်းထဲမှာ လည်း ပြန်ပြီး ဆူညံလာတော့သည် ။

"ဘာတွေဖြစ်နေတာလဲ"

"သူ ဘာလို့ အဲဒီလောက်တောင် ဒေါသထွက်နေတာလဲ"

"အရင်ကနဲ့ မတူသလိုဘဲ သူ့ပုံစံက"

မတူဘူးတဲ့ လား ...။

အရင်ကနဲ့ မတူတာတော့ အမှန်ပင်။

လွန်ခဲ့တဲ့ အပတ်တည်းက ထူးဆန်းနေခဲ့ခြင်းပင် ...။

လုဘန်ချန်းလည်း ထွက်သွားတဲ့ ဂူယူရှန်းကို လိုက်ကြည့်နေမိသည် ။

ထို့နောက် လုဘန်ချန်း ပါတီက လူတွေကို ပြုံးပြလိုက်ပြီး ...

"သူ ဘာမှ မဖြစ်ဘူး ... ကဲပါ ကျွန်တော်တို့ ရဲ့ ပါတီပွဲလေးကို ဆက်လိုက်ကြရအောင်"

ဂူယူရှန်းကို စောင့်နေသော ဒရိုင်ဘာ ရှောင်ဝမ်က သူ ထွက်လာတာကို မြင်တာနဲ့ ထီးယူပြီး သွားကြိုသည် ။

ကားထဲ ပြန်ရောက်လာကြတော့ ...

"ဘယ်ကို သွားမလဲ ဆရာ"

ဂူယူရှန်း မိုးသည်းနေတဲ့ အပြင်ဘက်ကို ကြည့်ရင်း အတွေးနယ်ချဲ့နေမိ၏။

ရှောင်ဝမ်သည် သူ စကားပြောချင်စိတ် မရှိတာကို ရိပ်မိတာမို့ မမေးတော့ဘဲ ကားထွက်လာခဲ့တော့သည် ။

မိုးတွေ အရမ်းရွာနေတာကြောင့် မြင်ကွင်းတွေကလည်း ဝေဝါးနေရပြီး ကားကိုလည်း ဖြည်းဖြည်းလေး မောင်းနေရသည် ။

သူတို့ ကုမ္ပဏီနား ရောက်လာချိန်မှာ တော့ ရှောင်ဝမ် ထပ်မေးလိုက်၏။

"ဆရာ ကုမ္ပဏီကိုပဲ သွားမှာ လား"

ဂူယူရှန်းသည် ဒီတစ်ခါလည်း သူ့အမေးကို မဖြေ။

ထိုင်ခုံမှာ သာ မှီထိုင်နေပြီး ကားအံဆွဲထဲက ဆေးလိပ်ဘူးကို ထုတ်ကာ ဖွာလိုက်ရင်း ခေါင်းကို ပြတင်းပေါက်ဘက် စောင်းကာ အပြင်မှာ မိုးတွေရွာနေတာကို ကြည့်နေသည် ။

"အိမ်ကို ဖုန်းခေါ်"

ရှောင်ဝမ် သူ့စကားကြောင့် အံ့သြသွားမိတာအမှန်။

အရင်ကဆို တစ်ခါမှ အိမ်မပြန်ချင်တဲ့ လူက အခုတော့ အိမ်ပြန်ချင်နေပုံပါလား။

ရှောင်ဝမ် ဖုန်းခေါ် ကြည့်လိုက်သော်လည်း ဘယ်သူမှ ဖုန်းမကိုင်။ ထို့ကြောင့် ထပ်ခေါ်မိပြန်၏။ သို့သော်လည်း လာမကိုင်ဆဲ။

"ဆရာ အိမ်မှာ ဘယ်သူမှ မရှိဘူး ထင်တယ်"

***